# ဩဂုတ်လ ၂၀၁၇ ခုနှစ်၊ တစ်လအတွင်းသုံးသပ်ချက်

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၇ ခုနှစ်၊ ဩဂုတ်လကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၂၂၉ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၄၂ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၆ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၁၃၁ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရ သည်။



ဓာတ်ပုံ ဒီဗွီဘီ

ဩဂုတ်လ ၂၀၁၇ ခုနှစ်၊


**Assistance Association for Political Prisoners (Burma)**

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org


အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏ တွစ်တာစာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

# တစ်လအတွင်းသုံးသပ်ချက်

ဩဂုတ်လတွင်းတွင် တိုင်းရင်းသားဒေသများမှ တိုင်းရင်းသား ၂၀ ဦး၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇တို့အပါအဝင် ရာဇသတ်ကြီး ပုဒ်မများဖြင့် လယ်သမား ၁၄ ဦး၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် သတင်းထောက်တစ်ဦး၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)ဖြင့် ဗကသကျောင်းသားဟောင်း တစ်ဦးနှင့် ကလေးစစ်သားဖြစ်ခဲ့ဖူးသူ တစ်ဦး၊ ရာဇသတ်ကြီးပုဒ်မ ၃၅၃ ဖြင့် တက်ကြွလှုပ်ရှားသူတစ်ဦး အပါအဝင် စုစုပေါင်း ၃၈ ဦး ဖမ်းဆီးခံခဲ့ရသည်။ ဩဂုတ်လတွင်း ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် ကလေးစစ်သားဖြစ်ခဲ့ဖူးသူ တစ်ဦး၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ၆၆(ဃ)ဖြင့် သတင်းထောက်တစ်ဦးနှင့် အလုပ်သမားအခွင့်အရေးလှုပ်ရှားသူ တစ်ဦးတို့ တရားစွဲဆိုခံခဲ့ရသည်၊ ထို့ပြင် ပုဒ်မ ၄၄၇၊၄၂၇ တို့ဖြင့် လယ်သမား ရှစ်ဦး၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁)ဖြင့် တက်ကြွလှုပ်ရှားသူ နှစ်ဦး၊ ရာဇသတ်ကြီးပုဒ်မ ၃၅၃ ဖြင့် တက်ကြွလှုပ်ရှားသူ တစ်ဦးအပါအဝင် စုစုပေါင်း ၁၁ ဦး ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ဩဂုတ်လတွင် တိုင်းရင်းသား ကိုးဦး၊ လယ်သမား ရှစ်ဦးတို့အပါအဝင် စုစုပေါင်း ၁၇ ဦး ပြန်လည်လွတ်မြောက်လာခဲ့သည်။ နိုင်ငံရေးအကျဉ်းသားလေးဦးဖြစ်သည့် ကိုစိုင်းတင်မင်းထွန်း၊ ကိုဇော်သက်အောင် ခေါ် ကိုကတုံး၊ ကိုလဖိုင်ဂမ် နှင့် ဦးဒွမ်ဒေါ့နောင်လတ်တို့မှာမူ ကျန်းမာရေးဆိုးရွားလျက်ရှိကြောင်းသိရှိရသည်။

ရှစ်လေးလုံးလှုပ်ရှားမှုဟုခေါ်ဆိုသော ဒီမိုကရေစီအရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ခြင်းအတွက် အသက်စွန့်လွှတ်ခဲ့ကြသူများကို ဂုဏ်ပြုသောအခမ်းအနားများကို ဩဂုတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံတွင် ကျင်းပခဲ့သည်။ ချီတက်ဆန္ဒပြပွဲများနှင့် လူထုအုံကြွမှုများ၏ အထွတ်အထိပ်ဖြစ်ခဲ့သော ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့သည် မြန်မာနိုင်ငံတွင်း လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီအရေးတို့အတွက် တိုက်ပွဲဝင်ခဲ့သူများနှင့် ဆက်လက်၍ တိုက်ပွဲဝင်နေသူများအတွက် အမြဲအမှတ်ရစေမည့် နေ့တစ်နေ့ဖြစ်သည်။ (၂၉) နှစ် မြောက် ရှစ်လေးလုံးအထိမ်းအမှတ်အဖြစ် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP)၏ တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်မှ ထိုအရေးအခင်းတွင် ပါဝင်ခဲ့သူများသည် ၎င်းတို့၏ ဘဝများကို စွန့်လွှတ်ခဲ့ရသည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရရှိရေးတို့အတွက် ဆက်လက်ကြိုးပမ်းသွားမည့်အကြောင်းကို ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ၈၈ လူထုလှုပ်ရှားမှုမှ စတင်ခဲ့သော ဦးဘိုကြည်ကဲ့သို့သော နိုင်ငံရေး လှုပ်ရှားသူများ၊  များစွာသော ကျောင်းသားခေါင်းဆောင်များသည် လူ့အခွင့်အရေးခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများဖြစ်လာခဲ့ပြီး အကျဉ်းထောင်အတွင်းတွင် နှစ်များစွာကြာ နိုင်ငံရေးအကျဉ်းသားများအဖြစ် မကြာခဏအကျဉ်းကျခံခဲ့ရသည်။ ဒီမိုကရေစီအတွက် နိုင်ငံတွင်း ပြည်သူများ၏ ခိုင်မာသော ဆန္ဒကို ပြသခဲ့ကြသည့် ထိုအရေးပါသော အဖြစ်အပျက်ကို အမှတ်တရ ကျင်းပခြင်းအားဖြင့် ၂၀၁၅ ခုနှစ်တွင် အရပ်သားအစိုးရမှ ရွေးကောက်ပွဲ အနိုင်ရရှိခဲ့သော်လည်း မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးတို့အပေါ်တွင် ထိရောက်စွာဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို သတိပြုမိစေပါသည်။

မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)ဖြင့် ဇူလိုင်လတွင်းတွင် တရားစွဲဆိုခံခဲ့ရသော သတင်းထောက်သုံးဦးနှင့် အရပ်သား သုံးဦးတို့သည် ဩဂုတ်လတွင်းတွင် သီပေါမြို့နယ် တရားရုံးတွင် ဆက်လက် တရားရင်ဆိုင်နေကြရသည်။ ဇွန်လ ၂၆ ရက်နေ့တွင် သတင်းထောက်များ ဖြစ်ကြသော ဒီမိုကရက်တစ်မြန်မာ့ အသံ (DVB) သတင်း ဌာနမှ အကြီးတန်းသတင်းထောက် ဦးအေးနိုင်နှင့် ဦးပြည့်ဘုန်းနိုင်၊ ဧရာဝတီသတင်းဌာနမှ သတင်းထောက် ဦးသိန်းဇော်(ခ) လဝီဝမ်နှင့် အရပ်သားများဖြစ်ကြသော မိုင်းထွန်းအေး၊ မိုင်းဆန်းညွှန့်နှင့် မိုင်းအောင်ခမ်းတို့ သည် ရှမ်းပြည်နယ် မြောက်ပိုင်း၊ တအာင်း(ပလောင်) TNLA နယ်မြေ အတွင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံး စားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်း အမှတ်အဖြစ် မူးယစ်ဆေးဝါးများ ဖျက်ဆီးမှု အခမ်းအနားသို့ သွားရောက်ပြီးအပြန်တွင် တပ်မတော်မှ ဖမ်းဆီးခြင်းကို ခံခဲ့ကြရသည်။ ၎င်းတို့သည် မတရားအသင်းအဖြစ် သတ်မှတ်ခြင်းခံထားရပြီး တပ်မတော်နှင့် မကြာခဏတိုက်ပွဲများ ဖြစ်ပွားနေသော တအာင်းလွတ်မြောက်ရေးတပ်မတော် (TNLA) အဖွဲ့နှင့် ဆက်သွယ်ခဲ့သောကြောင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၁၉၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁)နှင့် ၁၇(၂) တို့ကို နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များအား ဖိနှိပ်ရန် လက်နက်သဖွယ် ဆက်လက် အသုံး ပြုလျက်ရှိသည်။ ပုဒ်မ ၁၇(၁)နှင့် ၁၇(၂) တို့သည် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း သို့မဟုတ် အစိုးရမှ တရားမဝင်ဟုသတ်မှတ်ထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကဲ့သို့သော အဖွဲ့အစည်းများနှင့် ဆက်နွယ်ခြင်းတို့ကို တားမြစ်ထားသည်။ အများအားဖြင့် ပြည်သူများအား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များတွင် ပါဝင်ခြင်းကို နှိပ်ကွပ်ရန် သို့မဟုတ် နိုင်ငံ၏ ကာလကြာရှည်စွာဖြစ်ပွားနေသော ပြည်တွင်း

.

စစ်အကြောင်းကို သတင်းရေးသားခြင်းကို နှိပ်ကွပ်ရန် မတရားအသင်းအက်ဥပဒေကို အသုံးပြုလျက်ရှိပြီး ထိုဥပဒေသည် နိုင်ငံသားများ၏ လွတ်လပ်စွာ စုဝေးခွင့်နှင့် ထုတ်ဖော်ခွင့်တို့ကို တိုက်ရိုက် ချိုးဖောက်လျက်ရှိသည်။

နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီကူးပြောင်းရေးကဲ့သို့ အရေးကြီးသော ကိစ္စရပ်များကို ပြည်သူများ သိရှိစေရန် သတင်းရေးသားနေသော ရှမ်းပြည်နယ်တွင် ထိန်းသိမ်းခံထားရသည့် သတင်းထောက်များကဲ့သို့သော သတင်းထောက်များကို နယ်မြေများအားလုံးတွင် သတင်းများရယူရန် ခွင့်ပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမျိုးစုများစွာရှိခြင်းကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသော နယ်မြေများတွင် ခရီးသွားလာခြင်းနှင့် ၎င်းတို့၏ အဖွဲ့ဝင်များနှင့် ဆက်သွယ်မှုရှိခြင်းကို ရှောင်လွှဲ၍ မရနိုင်ပါ။ အခြေခံလူ့ အခွင့်အရေးများကို ချိုးဖောက်ရန် အားပေးမြှင့်တင်ပေးသကဲ့သို့ဖြစ်နေသော ပုဒ်မ ၁၇(၁)နှင့် ၁၇(၂) တို့သည် အစိုးရကို ဆန့်ကျင်သူများ ၎င်းတို့၏ အမြင်များကို ထုတ်ဖော်ခြင်းမှ ရပ်တန့်သွားစေပြီး အစိုးရသစ်လက်ထက်တွင် ထိုအခြင်းအရာသည် မဖြစ်သင့်ပါ။ ထို့ပြင် ဒီမိုကရေစီသို့ဦးတည်နေချိန်တွင် မတရား အသင်း အက်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) ၏ ရှမ်းပြည်နယ်၊ လားရှိုးနှင့် သီပေါမြို့နယ်များရှိ အကျဉ်းထောင်များ၊ အချုပ်ခန်းများနှင့် ရဲဘက်စခန်းများကို စစ်ဆေးရန် သွားရောက်ခဲ့သည့် ငါးရက်တာ ခရီးစဉ်အတွင်း ဩဂုတ်လ ၉ ရက်နေ့တွင် MNHRC အဖွဲ့ဝင် ဦးယုဝင်းအောင်မှ သီပေါအကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသော သတင်းထောက် သုံးဦးအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။ တွေ့ဆုံမေးမြန်းပြီးနောက် ဦးယုလွင်အောင်မှ သတင်းထောင်များသည် ၎င်းတို့ ထိန်းသိမ်းခံထားရသော အခြေအနေအသေးစိပ်ကို ဖွင့်ဟပြောဆိုခဲ့သည်ဟု ပြောကြားခဲ့သည်။ သတင်းထောက်များမှ ၎င်းတို့ဖမ်းဆီးခံခဲ့ရပြီးနောက် နမ့်ဆန်မြို့နယ်အတွင်းရှိ တပ်မတော်အခြေစိုက်စခန်းတွင် ၂၄ နာရီထက်ပို၍ လျှို့ဝှက်စွာ ထိန်းသိမ်းထားခြင်းခံခဲ့ရပြီး တစ်ရက်တာ မည်သည့် အစားအစာမှ စားရခြင်းမရှိဘဲ ကွန်ကရစ်ကြမ်းပြင်တွင် တစ်ညတာအိပ်ခဲ့ရခြင်း၊ တရားသူကြီးထံတွင် ရမန်မယူနိုင်ခြင်း တို့သည် ဖမ်းဆီးထားသူကို ၂၄ နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခြင်းမပြုရဟူသော ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၆၁ ကို ချိုးဖောက်သည့်အပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း ပုဒ်မ ၉ နှင့် ၁၀ တို့အားလည်း ချိုးဖောက် လျက်ရှိသည်။

ဩဂုတ်လနှောင်းပိုင်းတွင် MNHRC မှ ၎င်းတို့သွားရောက် စစ်ဆေးခဲ့သော အကျဉ်းထောင် (၁၄)ခု၏ အခြေအနေများနှင့် ပတ်သက်၍ တွေ့ရှိချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်သွင်းခဲ့ပြီး ရှမ်းပြည်နယ်တွင် ထိန်းသိမ်းခံထားရသော သတင်းထောက်သုံးဦးနှင့် အရပ်သား သုံးဦးတို့၏ အမှုနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနသို့လည်း အကြံပြုချက်များ ပေးပို့ခဲ့သည်။ ပြည်သူများ၊ အစိုးရဝန်ထမ်းများပါတက်ရောက်ခဲ့သော မူးယစ်ဆေးဝါးဖျက်ဆီးမှုအခမ်းအနားသို့ သွားရောက် သတင်းယူခဲ့သော သတင်းထောက်သုံးဦးအား အရေးမယူသင့်ပါဟု MNHRC မှ ကာကွယ်ရေး ဝန်ကြီးဌာနသို့ အကြံပြုခဲ့သည်။ AAPP မှ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့အား MNHRC ၏ တွေ့ရှိချက်များ၊ အကြံပြုချက်များအတိုင်း ဆောင်ရွက်ပေးရန်နှင့် ရှမ်းပြည်နယ်တွင် မတရား ဖမ်းဆီး၊ ထိန်းသိမ်းထားခြင်းခံနေရသော သတင်းထောက်သုံးဦးနှင့် အရပ်သား သုံးဦးတို့ အမြန်ဆုံး လွတ်မြောက်ရန်အတွက် ဆောင်ရွက်ပေးရန် တိုက်တွန်းပါသည်။

ဩဂုတ်လ ၄ ရက်နေ့နှင့် ဩဂုတ်လ ၁၈ ရက်နေ့တို့တွင် သီပေါမြို့နယ်တရားမှ နှစ်လကျော်ကြာထိန်းသိမ်းခံထားရသော သတင်းထောက်သုံးဦးနှင့် အရပ်သား သုံးဦးတို့ကို အာမခံပယ်ချခဲ့သည်။ ယခုအမှုသည် နိုင်ငံတော်လုံခြုံရေး နှင့် ပတ်သက်သည့် အမှုဖြစ်အခင်း ဖြစ်ပြီး အများပြည်သူသိရှိနိုင်စေရန် သတင်းရေးသားပေးပို့နေသော သတင်းမီဒီယာသမားများဖြစ်သဖြင့် အာမခံပေးလျှင် အမှုကြန့်ကြာသွားနိုင်ခြင်း၊ လုံခြုံရေးအတွက် အများအပြားလုပ်ဆောင်နေရခြင်း စသည့် အကြောင်းပြချက်များဖြင့် အာမခံပယ်ချခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် မည်သည့် ရာဇဝတ်မှုမျှ ကျူးလွန်ခြင်း မရှိပဲ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်သည်ဟူသော အကြောင်းပြချက်ဖြင့် အာမခံငြင်းပယ်ခြင်းသည် ခိုင်မာသော အကြောင်းပြချက်မဟုတ်ပါ။ ထို့ပြင် အမှုကြန့်ကြာသွားစေနိုင်သည့်အတွက် အာမခံခွင့်မပြုခြင်းဟုပြောကြားခဲ့သော်လည်း အမှန်စင်စစ်တွင် တရားလိုဘက်မှ တရားခွင် သို့ လာရောက်ရန် ပျက်ကွက်ခဲ့၍ အမှုကြန့်ကြာသွားခဲ့သည်။ ဩဂုတ်လ ၁၁ ရက်နေ့ ရုံးချိန်းသို့ တရားလိုပြ

သက်သေနှစ်ဦးဖြစ်သော ဗိုလ်မှူး မြတ်မွန်အောင်နှင့် ဗိုလ်ကြီးသော်ဇင်အောင် တို့တက်ရောက်နိုင်ခြင်းမရှိသည့်အတွက် အမှု ကြန့်ကြာသွားခဲ့ပြီး နောက်တစ်ကြိမ်ရုံးချိန်းတွင်သာ ၎င်းတို့အား ကြားနာစစ်ဆေး နိုင်မည်ဖြစ်သည်။

သတင်းထောက်သုံးဦးနှင့် အရပ်သားခြောက်ဦးတို့သည် ဥပဒေချိုးဖောက်မှုမရှိခြင်း၊ နိုင်ငံတော်လုံခြုံရေးကို ထိခိုက်မှုမရှိခြင်းတို့ကြောင့် ၎င်းတို့အား အမြန်ဆုံး အာမခံပေးသင့်ပါသည်။ တရားရင်ဆိုင်နေရမှု ရှည်ကြာနေခြင်းသည် နိုင်ငံတွင်းဖြစ်ရိုးဖြစ်စဉ်ဖြစ်ပြီး ထိန်းသိမ်းခံထားရသူများအတွက် နစ်နာမှုဖြစ်စေပါသည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ABSDF) မှ ဗဟို ကော်မတီဝင် ကိုမင်းဌေးသည် ဖမ်းဆီးခံရပြီးနောက် ခြောက်လကျော်တိုင်အောင် မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁)စွဲချက်ဖြင့် တရားရင်ဆိုင်နေရဆဲဖြစ်သည်။ ထိုမျှသာမက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)၊ သတင်းမီဒီယာဥပဒေ ပုဒ်မ ၂၅(ခ)တို့ဖြင့် တရားရင်ဆိုင်နေရသော The Voice နေ့စဉ်သတင်းစာ၏ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေသည် ကိုးကြိမ်မြောက်အာမခံငြင်းပယ်ခံခဲ့ရပြီးနောက် ဩဂုတ်လ ၄ ရက်နေ့တွင် အာမခံရရှိခဲ့သည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို သရော်ထားသော သရော်စာဆောင်းပါးကို မတ်လတွင်းတွင် ထုတ်ဝေခဲ့ခြင်းနှင့်ပတ်သက်ပြီး တပ်မတော်အား အသရေဖျက်သည်ဟူသော စွပ်စွဲချက်ဖြင့် ဒုတိယဗိုလ် မှူးကြီး လင်းထွန်းမှ ဦးကျော်မင်းဆွေအား အမှုဖွင့်ခဲ့ပြီးနောက် ဖွန်လ ၂ ရက်နေ့တွင် ဦးကျော်မင်းဆွေ သည် ဖမ်းဆီးခြင်းခံခဲ့ရသည်။

အစိုးရတွင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများရှိလာသည်ဟု ထင်ရဟန်ရှိသော်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ဝေဖန်ပြောဆိုခွင့်တို့ကို ဖိနှိပ်ရန် ပုဒ်မ ၆၆(ဃ)ကဲ့သို့သော ဖိနှိပ်ထားသည့် ဥပဒေများကို တပ်မတော်မှ ဆက်လက်အသုံးပြုနေသည်ကို ဦးကျော်မင်းဆွေ၏အမှုမှ ပြသနေသည်။ ထို့ကြောင့် မီဒီယာသမားများမှ ကြောက်ရွံ့မှု၊ စိုးရွံ့မှုများကို ပြန်လည်ရင်ဆိုင်နေကြရသည်။ အစိုးရတာဝန် စတင်ထမ်းဆောင်သည့် ၂၀၁၆ ခုနှစ်ကတည်းက အစိုးရအရာရှိများ သို့မဟုတ် တပ်မတော်အရာရှိများမှ ပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့် တရားစွဲဆိုမှုများသည် သိသာထင်ရှားစွာ တိုးလာခဲ့သည်။ ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်း ပြီးကတည်းက  အစိုးရမှ ပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်တရားစွဲဆိုမှု ၆၅ မှုရှိခဲ့သည်ဟု New York Times သတင်းစာအရ သိရှိရပါသည်။ မြန်မာနိုင်ငံတွင်းရှိ မီဒီယာသမားများသည် အစိုးရဟောင်းများလက်ထက်တွင် တရားစွဲဆိုခံခဲ့ရသောကြောင့် ဆက်လက် ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ် ကဲ့သို့သော ထိခိုက်လွယ်သော ကိစ္စရပ်များကို သတင်းရေးသားခြင်း သို့မဟုတ် တပ်မတော် သို့မဟုတ် အစိုးရကို ဆန့်ကျင်၍ ထုတ်ဖော်ပြောဆိုခြင်းအတွက် ၎င်းတို့သည် တရားစွဲဆိုခံရနိုင်၍ စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိသည်။

အရပ်သားအစိုးရသည် လူ့အခွင့်အရေးကို ကာကွယ်ရန် နှင့် ပြည်သူများ ကာလကြာရှည်စွာ မျှော်လင့်စောင့်ဆိုင်းခဲ့ရသော ဒီမိုကရေစီပြောင်းလဲရေးကို မြှင့်တင်ရန် ကတိပြုကာ ရွေးကောက်ခံခဲ့ပြီး ပြီးခဲ့သည့်နှစ်တွင် အာဏာလွှဲပြောင်းရယူခဲ့သော်လည်း ထိုကတိပြုထားမှုကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပါ။ ဒီမိုကရေစီတွင် အကာအကွယ်ပေးထားခြင်းခံနေရသည်ဟု ထင်ရဟန်ရှိသော လူ့အခွင့်အရေးသည် အာမခံချက်ရှိရန် အလှမ်းဝေးလျက်ရှိသည်။ အထူးသဖြင့် မီဒီယာသမားများသည် ၎င်းတို့၏ ပုံမှန်လုပ်ရိုးလုပ်စဉ်အလုပ်ဖြစ်သော သတင်းရေးသားဖော်ပြခြင်းကြောင့် ပုဒ်မ ၆၆(ဃ) ကဲ့သို့သော ဖိနှိပ်ထားသော ဥပဒေများဖြင့် အန္တရာယ်များကို ရင်ဆိုင်နေကြရသည်။

ဩဂုတ်လ ၂၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ပြင်ဆင်ချက်အနည်းငယ်သာပါဝင်သော ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အတည်ပြုခဲ့သည်။ သို့သော်လည်း မူလဥပဒေနှင့် ထူးခြားစွာ ပြောင်းလဲမှုမရှိသည့်အတွက် အငြင်းပွားမှုများနှင့် ဝေဖန်မှုများစွာ ဖြစ်ပေါ်ခဲ့သည်။ ပြင်ဆင်ချက်တွင် ထောင်ဒဏ် သုံးနှစ် သို့မဟုတ် သုံးနှစ်ထက်ပိုသော ပြစ်မှုများအတွက် အာမခံပေးခြင်းကို ကန့်သတ်ထားသော ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ ထောင်ဒဏ်သုံးနှစ်အစား သုံးနှစ်အောက် ထောင်ဒဏ်ဟု ပြောင်းလဲပြင်ဆင်ခဲ့သည်။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ၆၆ ဖြင့် တရားစွဲဆိုခံရမှုများ အာမခံရရှိနိုင်သော်လည်း ပြင်ဆင်ဖြည့်စွက်ချက်သည် အာမခံရရှိရန် မသေချာခြင်းကို သတိပြုမိစေပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ တရားရေးစနစ်တွင် အာမခံပေးခြင်းအတွက် မြင်သာသော သတ်မှတ်ချက် မရှိသည့်အတွက်ဖြစ်သည်။ ထို့ကြောင့် ပြင်ဆင်ဖြည့်စွက်ချက်သည် စွပ်စွဲခံရသူအတွက် အာမခံရရှိရန် မသေချာသောကြောင့် တရားရင်ဆိုင်ရမှုများကို ရှည်ကြာစေပါသည်။

.

ပုဒ်မ၆၆(ဃ)ဖြင့် နစ်နာသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်မှ အမှုဖွင့်တိုင်ကြားခြင်းမဟုတ်လျှင် အရေးမယူရန်တို့ကို ပြင်ဆင်ထားသည်။ AAPPမှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတည်းက ပုဒ်မ၆၆(ဃ)အမှုများအားလုံးကို မှတ်တမ်း ပြုလျက်ရှိရာ ၇၀%သောအမှုများသည် နစ်နာသူကိုယ်တိုင်မှ အမှုဖွင့်ခဲ့ခြင်းမဟုတ်ပဲ တခြားသူများမှ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် အတိတ်ကာလတွင် ပုဒ်မ၆၆(ဃ)ကို ကျယ်ပြန့်စွာအသုံးပြုခဲ့ခြင်းသည် ထိုပုဒ်မမှ အွန်လိုင်းပို့များသည် စော်ကားခြင်း၊ မမှန်ကန်ခြင်း သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်စေသည်ဟု ယူဆသောသူများမှ ၎င်းတို့ကို ရည်ညွှန်းခြင်းမရှိသော စာသားများ၊ ဓာတ်ပုံများအတွက် စာရေးသားသူကို အမှုဖွင့်တိုင်ကြား နိုင်ရန် ခွင့်ပြုထားသည်ဟု မှတ်ယူထားသည့်အတွက်ဖြစ်သည်။

မူလပုဒ်မ ၆၆ (ဃ) တွင် ပါဝင်သော အနိုင်အထက်ပြုခြင်း၊ မတရား တားဆီးကန့်ကွက်ခြင်း၊ မလျော်သြဇာ သုံးခြင်း စသည့်အသုံးအနှုန်းများကို ဖြုတ်ထားသော်လည်း အသရေဖျက်ခြင်းကို ပယ်ဖျက်ထားခြင်းမရှိပါ။ နိုင်ငံသားအများစုသည် အသရေဖျက်မှုစွဲချက်ဖြင့် တရားစွဲဆိုခံနေရဆဲဖြစ်သည်။ ဆက်သွယ်ရေးဥပဒေတွင် အသရေဖျက်ခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိကျစွာပြဌာန်းထားခြင်းမရှိသောကြောင့် ထိုဝေါဟာရကို လိုသလိုအဓိပ္ပာယ် ကောက်ယူနိုင်ပြီး ထိုအကျိုးဆက်အနေဖြင့် ထိုဝေါဟာကို လွန်ကျူးစွာ ဆက်လက်၍ အသုံးပြုလျက်ရှိသည်။ ဆက်သွယ်ရေးဥပဒေတွင် အသရေဖျက်မှု သည် ရှင်းလင်းခြင်းမရှိသော ပြစ်မှုအဖြစ်ရှိနေဆဲဖြစ်ပြီး ထိုဥပဒေပြင်ဆင်ချက်သည် မူလဥပဒေနှင့် ခြားနားမှုမရှိပါ။

ထို့ပြင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၀(က) တွင် ထိုဥပဒေဖြင့် ပြစ်မှုများအားလုံးကို အရေးယူနိုင်သည်ဆိုသည့် စကားရပ်သည် ပြောင်းလဲခြင်းမရှိပါ။ ထိုစကားရပ်အား ဆက်လက်ထားရှိခြင်းကြောင့် နိုင်ငံသားများသည် ဖမ်းဝရမ်းမပါဘဲ မည်သည့်အချိန်တွင်မဆို အွန်လိုင်းအသရေဖျက်မှုဖြင့် ဆက်လက်ဖမ်းဆီး၊ထိန်းသိမ်းခံရနိုင်ပြီး ရှင်းလင်းတိကျမှုမရှိသော ပုဒ်မ ၆၆ ဖြင့် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများလည်း ဆက်လက် ရှိလာမည်ဖြစ် သည်။

အသရေဖျက်မှုစင်စစ်များ ဖြစ်ပွားလျက်ရှိပြီး အာဏာပိုင်များမှ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေ မည့်အစား လူထုအခြေပြုထားသော လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်သင့်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံသားများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုဖြင့် ခြိမ်းခြောက်နေခြင်းသည် သိသာထင်ရှားပါသည်။ ကမ္ဘာ့ကုလသဂ္ဂ လူ့အခွင့်အရေးကော်မတီမှ အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်မှ လျော့ကျစေသည့် အခြေအနေများကို စဉ်းစားရန် တိုက်တွန်းထားပြီး အသရေဖျက်သောအမှုများကို တရားဝင်ဖြစ်စေရန်အတွက် ပြစ်ဒဏ်ချမှတ်ခြင်း သည် မည်သည့်အခါမျှ သင့်တော်သော အပြစ်ပေးမှု မျိုးဖြစ်မည်မဟုတ်ပါဟု ထုတ်ဖော်ခဲ့သည်။

ဩဂုတ်လတွင်းတွင် အရပ်ဘက် အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများသည် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် ပုဒ်မ ၆၆(ဃ)ပြင်ဆင်ချက်များနှင့် ပတ်သက်ပြီး ၎င်းတို့၏ ဆန့်ကျင်မှုများကို မီဒီယာများကို ထုတ်ဖော် ပြောကြားခဲ့သည်။ လများစွာကတည်းက ပုဒ်မ ၆၆(ဃ)အား ဝေဖန်မှုများစွာရှိခဲ့ပြီး ဖွန်လတွင်းတွင် AAPP နှင့် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်း ၆၀ တို့မှ ပူးတွဲကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့ပြီး ဆက်သွယ်ရေးဥပဒေ၏ တိကျမှုမရှိသည်ကို သိရှိနိုင်ရန်နှင့် အသရေဖျက်မှုကို ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုအဖြစ် မယူဆနိုင်ရန်အတွက် ထိုဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် သိသာထင်ရှားစွာ ပြင်ဆင်ရန် တောင်းဆိုခဲ့သည်

ပြည်ထောင်စုလွှတ်တော်တွင် ထိုဥပဒေမူကြမ်းကို အတည်ခဲ့ပြီး ရက်အနည်းငယ်အကြာတွင် မန္တလေးအခြေစိုက် အလွတ်သတင်း ထောက် ကိုဇော်မိုးထက်သည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် ၎င်း၏သားဖြစ်သူ ဒေါက်တာအောင်မိုင်တို့ကို လူမှုကွန်ရက်စာမျက်နှာတွင် ဝေဖန်ရေးသားခဲ့ခြင်းအတွက် ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ၆၆(ဃ)ဖြင့် ဩဂုတ်လ ၂၈ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင် ဖြည့်စွက်မှု အနည်းငယ်သာ ပြုလုပ်ခြင်းသည် လုံလောက်မှုမရှိသည်ကို ထိုအမှုမှ သက်သေပြလျက်ရှိပြီး ဥပဒေ ပြင်ဆင်ဖြည့်စွက်ပြီး ဖြစ်ခဲ့သော်လည်း နိုင်ငံသား များသည် ထောင်တွင်းအကျဉ်းကျခံရမည့် အန္တရာယ်နှင့်လည်း ရင်ဆိုင်ရဆဲဖြစ်နေသည်ကို ပြသလျက်ရှိသည်။

အစိုးရမှ စစ်မှန်သော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဖိနှိပ်ထားခဲ့သည့် စစ်အစိုးရဟောင်းများမှ ကင်းကွာလိုလျှင် နိုင်ငံသားများ၏ အခွင့်အရေးများကို ချိုးဖောက်လျက်ရှိသော ဆက်သွယ်ရေးဥပဒေကဲ့သို့ ဖိနှိပ်ထားသော ဥပဒေများကို ဝေဖန်ဆန်းစစ်ရမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ ၁၉ အရ နိုင်ငံသားများ၏ လွတ်လပ်စွာ ထုတ် ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်ကို ကာကွယ်ရန် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ကို ပယ်ဖျက်ရမည် သို့မဟုတ်

.

သိသာထင်ရှားစွာ ပြင်ဆင်၊ ဖြည့်စွက်ရမည်ဖြစ်သည်။ ပြင်ဆင်ဖြည့်စွက်ထားသော ပုဒ်မ ၆၆(ဃ)သည် ပြည့်စုံမှုမရှိပဲ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ချိုးဖောက်ရန် ဆက်လက် ခွင့်ပြုထားဆဲဖြစ်သည့်အပြင် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဖြစ်သော နိုင်ငံသားများ ကြား လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ တွေးခေါ်ချက်ခွင့်ရှိသည်စသည့် အခွင့်အရေးများကိုလည်း ချိုးဖောက် ထားဆဲဖြစ်သည်။

အခြား ဥပဒေပြုရေးဆိုင်ရာတိုးတက်မှုများအဖြစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုခဲ့သည်။ ထိုဥပဒေကြမ်းတွင် မူးယစ် ဆေးဝါးပြစ်မှုငယ်များကို ထောင်ဒဏ်ချမှတ်ခြင်းမပြုဘဲ လူမှုရေးလုပ်ငန်း များတွင် အခမဲ့ဆောင်ရွက်ရမည့် ပြစ်ဒဏ်များသာ ချမှတ်ရမည့် ပြင်ဆင်ချက်ပါဝင်သည်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ဥပဒေကို ပြန်လည် ပြုပြင် ပြောင်းလဲရန်အတွက် ၂၀၁၅ ခုနှစ်တွင် ပြည်ထဲရေး ဝန်ကြီးဌာန၊ အစိုးရ၏ မူးယစ်ဆေးဝါး အလွဲသုံးစားမှု ထိန်းချုပ် ရေး ဗဟိုကော်မတီနှင့် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာဌာနတို့ ဆွေးနွေးခဲ့သော ရလဒ် အနေဖြင့် ပြင်ဆင်ချက်များထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုတိုးတက်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် အပြုသဘောဆောင်သော တိုးတက်မှုတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ အတွင်းတွင် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်လျက်ရှိသော တရားစွဲဆိုမှုများ မြင့်မားနေခြင်း၊ အကျဉ်းထောင်တွင်း လူဦးရေ ပြည့်ကျပ်နေခြင်းကြောင့် အကျဉ်း ထောင်အခြေအနေများ ပိုမိုဆိုးရွားလာခြင်းစသည့် ကိစ္စရပ်များ သည် ကျဆင်းလာမည်ဖြစ်သည်။ ထိုဥပဒေတွင် မူးယစ်ဆေးဝါးပြစ်မှုငယ် များအတွက် လက်ရှိ ပြစ်ဒဏ်ထမ်းဆောင်နေသူများကို အကျိုးသက်ရောက်မှုရှိ၊ မရှိဆိုသည်ကို ဖော်ပြထားခြင်းမရှိပဲ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် စွဲလန်း နေမှုကဲ့သို့သော ကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်ရန်အတွက် လိုအပ်နေသော ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးဆိုင်ရာဝန်ဆောင်မှုများကို ဥပဒေတွင်း ထည့်သွင်းထားခြင်း ရှိ၊မရှိသည်လည်း ရှင်းလင်းခြင်းမရှိပါ။

ဇွန်လတွင်း၌ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မန္တလေး၊ အိုးဘိုအကျဉ်းထောင်မှ အကျဉ်းသား ငါးဦးနှင့် ရန်ကုန်၊ အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား ငါးဦးတို့ကို သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဩဂုတ်လ ၅ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။ လက်ရှိအချိန်တွင် တက္ကသိုလ် တက်ရောက်ခွင့်ရရှိရန် အခွင့်အလမ်းရှိနေပြီဖြစ်သော ထိုကျောင်းသားများကို လွှတ်ပေးခြင်းအတွက် သမ္မတ ဦးထင်ကျော်အား **AAPP** မှ ချီးကျူးပြီး ၎င်းတို့ကို ထောင်ပြင်ပတွင် ဘဝရပ်တည်နိုင် ဒုတိယအခွင့်အလမ်းပေးခဲ့ခြင်းလည်းဖြစ်သည်။ ဂုဏ်ထူးသုံးသုံခုနှင့် မအောင်မြင်မီ၊ လွတ်ငြိမ်းချမ်းသာခွင့်မရရှိမီ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော ရာဇဝတ်မှုအတွက် ထောင်ဒဏ် ဆယ်နှစ်ကျခံနေရသော အသက် ၁၉ နှစ်အရွယ် မဆုလှဲ့ဝေကျော်မှ ထိုအမှုအား သူမမှ ကျူးလွန်ခြင်းမရှိကြောင်းပြောကြားခဲ့သည်။ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော စွဲချက်များအတွက် အကျဉ်းကျခံနေရသူအများစုသည် ကြီးလေးသော ပြစ်ဒဏ်များထမ်းဆောင်နေရသည်ကို ထိုအမှုမှ ပြသနေရပြီး ပြစ်မှုများ၏ ထက်ဝက်ကျော်သည် မူးယစ်ဆေးဝါးအမှုများဖြစ်သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ပညာသင်နှစ်မှ စတင်ကာ မန္တလေး၊ အိုးဘိုအကျဉ်းထောင်တွင်း၌ အကျဉ်းသားများကို ပညာသင်ခွင့်နှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ပြုခဲ့သည်။ အိုးဘိုအကျဉ်းထောင်တွင်းတွင် အကျဉ်းသားများအတွက် စာသင်ကျောင်း တည်ဆောက်နေပြီး ၂၀၁၇ ခုနှစ်အကုန် သို့မဟုတ် ၂၀၁၈ အစောပိုင်းတွင် ကျောင်းတည်ဆောက်မှု ပြီးဆုံးမည်ဖြစ်ကြောင်း ဇူလိုင်လတွင်းတွင် ထုတ်ပြန်ခဲ့သည်။ အကျဉ်းသားများကို ပညာသင်ယူခွင့်နှင့် နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ပြုပြီး အကျဉ်းသားများ၏ ထူးခြားသော အောင်မြင်မှုကို ချီးမြှင့်ခြင်းနှင့် အသိအမှတ်ပြုခြင်းတို့ပြုလုပ်ခဲ့သော အစိုးရ၏ ပဏာမခြေလှမ်းကို AAPP မှ ဂုဏ်ပြုပါသည်။

ဩဂုတ်လတွင်းတွင် အကျဉ်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးမှအကျဉ်းသားဦးရေ တစ်ထောင်ဆံ့သည့် အကျဉ်းထောင် သုံးခုကို ပဲခူးတိုင်း ဒေသကြီး၊ မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ယခုနှစ်အကုန်တွင် ဖွင့်လှစ်တော့မည်ဖြစ်၍ အကျဉ်းထောင်တွင်း လူဦးရေပြည့်ကျပ် နေခြင်းကဲ့သို့သော ပြဿနာများအား လျော့နည်း စေလိမ့်မည်ဟု ပြောကြားခဲ့သည်။ အကျဉ်းထောင်တွင်း ဖြစ်ပွားနေသော ပြဿနာများကို ကိုင်တွယ် ဆောင်ရွက်ရမည့်အစား အကျဉ်းသားဦးရေပြည့်ကျပ်နေခြင်းကို ဖြေရှင်းရန် အကျဉ်းထောင် သစ်များတည်ဆောက်နေပုံရသည်ဟု အကျဉ်းဦးစီးဌာနမှ ပြောကြားခဲ့သည်။ လူ့အခွင့်အရေးကို ကာကွယ်ရန် အစိုးရမှ အကျဉ်းထောင်သစ်များကို စနစ်တကျဖွဲ့စည်းတည်ဆောက်ထားသော်လည်း အစိုးရအနေဖြင့်

.

အကျဉ်းထောင် ပြုပြင်ပြောင်းပြောင်းလဲရေးကိုသာ အာရုံစိုက်လုပ်ဆောင်သင့်ပါသည်။ အကျဉ်းထောင်စနစ်၏ ပြဿနာ များနှင့် တိုက်ရိုက် ဆက်စပ်လျက်ရှိသော နိုင်ငံ၏ တရားရေးစနစ်၏ အားနည်းချက်များကိုလည်း ပြုပြင်ရမည်ဖြစ်သည်။ နိုင်ငံ၏ ခေတ်နောက်ကျနေသော၊ လွန်စွာဖိနှိပ်ထားသော၊ ပြင်းထန်သော ဥပဒေများကြောင့် နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသားများအရေအတွက်သည် သိသာစွာ တိုးလာပြီး အကျဉ်းထောင်အခြေအနေများ ပိုမိုဆိုးရွားလာစေသည်။

အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေးကို အလေးထားဆောင်ရွက်မှုနှင့်အတူ အကျဉ်းသားများကို ပြုမူဆက်ဆံရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂ၏ အနိမ့်ဆုံး စည်းမျဉ်းများ (SMRs နှင့် နိုင်ငံတကာ စံချိန်၊ စံညွှန်းများအတိုင်း အကျဉ်းသားများအား လုံလောက်သော ဝန်ဆောင်မှုများပေးခြင်း၊ လူ့အခွင့်အရေးရရှိစေရန် အာမခံချက်ပေးခြင်းတို့ကို ဦးစားပေးအနေဖြင့် အာရုံစိုက်လုပ်ဆောင်သင့်သည်။ AAPP မှ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ထွက်ဆို ပြောကြားချက်များအပေါ်တွင် မူတည်၍ အကျဉ်းထောင်အခြေအနေများကို မှတ်တမ်းပြုလျက်ရှိပြီး အကျဉ်းထောင် ပြုပြင်ပြောင်းလဲရန် အရေး ပေါ်လိုအပ်လျက်ရှိသည်ကို ပေါ်လွင်အောင်ပြခဲ့သည်။ ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၅ ခုနှစ်တွင် တိုးတက်မှုများ စတင်ခဲ့သော်လည်း အကျဉ်းထောင် အခြေအနေများ ကောင်းမွန်ခြင်းမရှိသောကြောင့် အကျဉ်းထောင်နီးပါးလိုတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ အကျဉ်းထောင်တွင်း အကျဉ်းသားဦးရေ ပြည့်သိပ်နေခြင်းအပြင် ပြင်းထန် ဆိုးရွားသော ကိစ္စရပ်များသည် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်းနှင့် ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများ မရှိခြင်းတို့ ဖြစ်သည်။ ထိုကိစ္စရပ်များသည် လူ့အခွင့်အရေး ချိုးဖောက်နေခြင်းကို ကိုယ်စားပြုသည်သာမက ၎င်းတို့လွတ်မြောက်ပြီးနောက် လူ့အသိုင်းအဝိုင်းတွင် ကောင်းမွန်စွာ နေထိုင်နိုင်ရန် အကျဉ်းသားများ၏ ကိုယ်ပိုင်စွမ်းအားကို လည်း နှောင့်နှေးစေပါသည်။

တပ်မတော်မှ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ကဲ့သို့သော ဖိနှိပ်ထားသော ဥပဒေများ ကို အသုံးပြု၍ ၎င်းတို့အား ဝေဖန်၊ ဆန့်ကျင်သူများကို ဆက်လက် ဖိနှိပ်ထားလျက်ရှိသည့်ပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆချက်တို့ကို ကန့်သတ်ထားလျက်ရှိသည်ကို အောက်ပါအမှုနှစ်မှုမှ ပြသလျက်ရှိသည်။

ဇွန်လ ၁၉ ရက်နေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းမင်းအောင်ဦးစီးအရာရှိ (ပထမတန်း)စစ်ရေးမှ တရားလိုပြုလုပ်၍ အမှုဖွင့်ခဲ့ပြီးနောက် ဩဂုတ်လ ၁ ရက်နေ့တွင် တောင်ငူမြို့မှ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ် (ဗကသ)ကျောင်းသားဟောင်း ကိုအောင်ထက်သည် ဖမ်းဆီး၊ ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ပုဒ်မ ၅၀၅(ခ)ဖြင့် တရားစွဲဆိုခံထားရသော ကိုအောင်ထက်နှင့် တောင်ငူခရိုင် ဗကသ ဥက္ကဌဟောင်း ကိုဗစ်တာတို့သည် ကေတုအိုးဝေသံချပ်အဖွဲ့ကို ဦးဆောင်ကာ သင်္ကြန်ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်ပြီး တပ်မတော်အား ဝေဖန်ထားသော သံချပ်ဖြင့် ဖျော်ဖြေမှု ပြုလုပ်ခဲ့သည်ဟု တရားလိုဖြစ်သူမှ စွပ်စွဲခဲ့သည်။ ကိုဗစ်တာသည် တရားရုံးသို့ လာရောက်ခြင်းမရှိသောကြောင့် ဖမ်းဝရမ်းထုတ်ခံထားရသည်။ ဩဂုတ်လ ၆ ရက်နေ့တွင် ရာဇဝတ်အကျဉ်းသား တစ်ဦးဖြစ်သူ ကိုညီညီနိုင်မှ ကိုအောင်ထက်၏ ဦးခေါင်းအား ကျောက်ခဲဖြင့် အကြိမ်ကြိမ်ထုခဲ့သောကြောင့် ဦးခေါင်းတွင် ဆယ်ချက်ခန့် ချုပ်ခဲ့ရသည်။

**မှတ်ချက်**

**(စက်တင်ဘာလတွင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ သတင်းသမား ခြောက်ဦး၊ တက်ကြွလှုပ်ရှားသူ သုံးဦးနှင့် အရပ်သား သုံးဦးတို့အပေါ် စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေးခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းတို့မှာ ရာဇသတ်ကြီးပုဒ်မ ၅၀၂ ဖြင့် တရားစွဲဆိုခံထားရသော The Daily Eleven မှ အယ်ဒီတာချုပ် ကိုဝေဖြိုး၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)၊ သတင်းမီဒီယာဥပဒေ ပုဒ်မ ၂၅ (ခ) ဖြင့် တရားစွဲဆိုခံထားရသော The Voice Daily နေ့စဉ်သတင်းစာမှ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေ၊ သတင်းမီဒီယာဥပဒေ ပုဒ်မ ၂၅ (ခ) ဖြင့် တရားစွဲဆိုခံထားရသော ဆောင်းပါးရှင် ဗြိတိသျှ ကိုကိုမောင် (ခေါ်) ကိုကျော်စွာနိုင်၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲဆိုခံထားရသော ကိုထင်ကျော် (ခေါ်) ကိုကျော်ထင်၊ ကိုဝေယံသိန်း (ခေါ်) ကိုဗစ်တာ၊ ကိုအောင်ထက်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် တရားစွဲဆိုခံထားရသော ဒီမိုကရက်တစ်မြန်မာ့ အသံ (DVB) သတင်း ဌာနမှ အကြီးတန်းသတင်းထောက် ဦးအေးနိုင်နှင့် ဦးပြည့်ဘုန်းနိုင်၊ ဧရာဝတီသတင်းဌာနမှ သတင်းထောက် ဦးသိန်းဇော်(ခ) လဝီဝမ်နှင့် အရပ်သားများဖြစ်ကြသော မိုင်းထွန်းအေး၊ မိုင်းဆန်းညွှန့်နှင့် မိုင်းအောင်ခမ်း တို့ဖြစ်သည်။) ၎င်းတို့မှာ**

.

**ယခုအခါပြန်လည်လွတ်မြောက်နေကြပြီဖြစ်ပါသည်။ မိုင်းဆန်းညွန့်နှင့် မိုင်းအောင်ခမ်း တို့ ၂ဦးမှာမူ သွင်းကုန်ထုတ်ကုန် ဥပဒေပုဒ်မ ၈ ဖြင့် ဆက်လက်တရားရင်ဆိုင်ရန်ကျန်ရှိနေပါသေးသည်။**

အသက် ၁၄ နှစ်အရွယ်တွင် ကလေးစစ်သားအဖြစ် စုဆောင်း ခြင်းခံခဲ့ရသော ကိုအောင်ကိုထွေးသည် ကလေးစစ်သားအဖြစ် အဓမ္မစုဆောင်း ခံခဲ့ရစဉ်က အတွေ့အကြုံများနှင့် အကျဉ်းထောင်တွင် ဆယ်နှစ် ပြစ်ဒဏ်ထမ်းဆောင်ခဲ့ရစဉ်က အတွေ့အကြုံများကို လွတ်လပ်သော အာရှအသံ (RFA) သတင်းဌာနသို့ ဩဂုတ်လ အစောပိုင်းတွင် အင်တာဗျူးဖြေဆိုခဲ့ခြင်း အတွက် ဩဂုတ်လ ၁၈ ရက်နေ့တွင် အသရေဖျက်မှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ အင်တာဗျူးတွင် ကိုအောင်ကိုထွေးမှ ၎င်း ကြုံတွေ့ခဲ့ရသော ဆိုးရွားသည့် ဆက်ဆံခံရမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုတို့ကို ပြန်လည် ပြောကြားခဲ့သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိစေရန်အတွက် လူ့အခွင့်ရေးချိုးဖောက်ခံခဲ့ရသူများကို ပြန်လည်ကုစားရေး များကို ဆောင်ရွက်ပေးရမည်ဖြစ်သည့်အပြင် လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးနေသော ပြည်သူများကို တရားစွဲဆိုခြင်းမှလည်း ရပ်တန့်ရမည် ဖြစ်သည်။

စစ်အစိုးရဟောင်းများလက်ထက်တွင် လယ်ယာမြေများ သိမ်းဆည်းခံခဲ့ရသော လယ်သမားများသည် ၎င်းတို့၏ လယ်ယာမြေများ ပြန် လည်ရရှိရန် တောင်းဆိုခဲ့ခြင်းအတွက် ဆက်လက် တရားစွဲဆိုခံနေရသည်။ လယ်သမားများသည် ၎င်းတို့၏ သိမ်းဆည်းခံမြေများကို ဆက်လက် အသုံးပြုလျှင် ပိုင်နက်ကျူးလွန်ခြင်းဖြင့် မကြာခဏ တရားစွဲဆိုခံရသည့်အပြင် နိုင်ငံသားများ၏ အခွင့်အရေး ဖြစ်သော လွတ်လပ်စွာ စုဝေးခွင့်နှင့် ထုတ်ဖော်ခွင့်တို့ကို ဖိနှိပ်ထားသော အခြားဥပဒေများဖြင့်လည်း တရားစွဲဆိုခံနေကြရသည်။ ဩဂုတ်လတွင်းတွင် လယ်သမား ၁၂ ဦးသည် တရားစွဲဆိုခံခဲ့ရပြီး လယ်သမား ၆၇ ဦးနှင့် လယ်ယာမြေ အခွင့်အရေးလှုပ်ရှားသူနှစ်ဦးတို့ သည် တရားရင်ဆိုင်နေကြရသည်။ လယ်သမား သုံးဦးသည် လယ်ယာမြေသိမ်းဆည်း ခံရခြင်း နှင့် ပတ်သက်ပြီး ဆန္ဒထုတ်ဖော်ခဲ့သောကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ဩဂုတ်လ ၂ ရက်နေ့တွင် ဧရာဝတီတိုင်း ဒေသကြီးမှ လယ်သမားများသည် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပြီး အစိုးရဟောင်းများလက်ထက်က လယ်ယာမြေများ သိမ်းဆည်းခံခဲ့ရခြင်းအတွက် ထိခိုက်နစ်နာခဲ့ရမှုများကို မီဒီယာများအား ဖွင့်ဟပြောဆိုခဲ့သည်။ လပွတ္တာမြို့နယ်၊ ရွှေကျွန်းသာရွာမှ လယ်သမားတစ်ဦးဖြစ်သူမှ ၁၉၈၃ ခုနှစ်မှ ၁၉၈၄ခုနှစ်ထိ ခန့်မှန်းခြေ လယ်ယာမြေဧက ၈၀၀၀ခန့်သည် သိမ်းဆည်းခြင်း ခံခဲ့ရသည်ဟု ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ထိုဒေသအတွင်းရှိ လယ်သမား အယောက်တစ်ရာ သည် လယ်ယာမြေများကို ဆက်လက်အသုံးပြုရန်ကြိုးစားခဲ့ခြင်းအတွက် သစ်တောဥပဒေဖြင့် အမှုရင်ဆိုင်နေရသည်။ ဩဂုတ်လ ၁၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာနှင့် ထီးချိုင့်မြို့နယ်မှ ဒေသခံ လယ်သမား ၁၅၀ ကျော်သည် သိမ်းဆည်းခံထားရသော လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အတွင်းတွင် ကသာနှင့် ထီးချို့င့်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၇ ခု၏ လယ်ယာမြေဧက ၁၆၀၀၀ ကေသည် သိမ်းဆည်းခြင်းခံခဲ့ရသည်။

စိုက်ပျိုးရေးသည် နိုင်ငံ၏ အကြီးမားဆုံး အဓိက စီးပွားရေးလုပ်ငန်းဖြစ်ပြီး သန်းပေါင်းများစွာသော ပြည်သူများအတွက် မရှိမဖြစ် အရေးကြီးပါသည်။ လယ်သမားများ၏ အသက်မွေးဝမ်းကြောင်းသည် ၎င်းတို့ ဘိုးဘွားစဉ်ဆက်လုပ်ကိုင်ခဲ့သော လယ်ယာမြေများကို မှီခိုနေကြရဆဲဖြစ်သည်။ စစ်အစိုးရဟောင်းများလက်ထက်တွင် အစိုးရအာဏာပိုင်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့စည်းမှ ခေါင်းဆောင်များနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများသည် လယ်ယာမြေသိမ်းဆည်းမှုများစွာ ပြုလုပ်ခဲ့ကြသည်။ လယ်သမားများနှင့် လယ်ပိုင်ရှင်များသည် လယ်ယာမြေသိမ်းဆည်းမှုနှင့် ပတ်သက်၍ လုံလောက်သော ဆွေးနွေးမှုနှင့် လျော်ကြေးမရရှိခဲ့ပါ။ လက်ရှိအချိန်တွင် စီမံကိန်းများအတွက် သိမ်းဆည်းထားသော လယ်ယာမြေအများအပြားကို စွန့်လွှတ်ခဲ့သော်လည်း လယ်သမားများသည် သိမ်းဆည်းထားသော လယ်ယာမြေများပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ခွင့်မှ တားဆီးခံနေရဆဲဖြစ်သည်။ လယ်ယာမြေများအတွက် နစ်နာမှုများအစားပြန်လည်ရရှိရန် တောင်းဆိုသော လယ်သမားများကို အစိုးရမှ ၎င်းတို့၏ လွတ်လပ်စွာ စုဝေးခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရမည်ဖြစ်သည့်အပြင် လယ်ယာမြေသိမ်းဆည်း ခြင်းနှင့် ပတ်သက်သော အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်းအားဖြင့် လယ်သမားများကို ကူညီပေးရမည်ဖြစ်သည်။ ထိုအခြင်းအရာသည် အရေးကြီးပြီး လယ်သမားများသည် လျော်ကြေးရရှိရန် သို့မဟုတ် ၎င်းတို့၏ လယ်ယာမြေများပြန်လည် ရရှိရန် မှန်ကန်သော လုပ်ငန်းစဉ်ကို သိရှိလက်ခံပြီး ၎င်းတို့ကိုယ်တိုင်ဆုံးဖြတ်ထားသော ၎င်းတို့၏ လိုအပ်ချက်များကို အခြေခံ သည့် ပြန်လည်ကုစားရေး ပြုလုပ်ရန်မှာ အရေးကြီးသည်။

.

ဩဂုတ်လ အစီရင်ခံစာတွင် စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များကြား ပဋိပက္ခများ ဆက်လက်ရှိနေခြင်း၊ လယ်ယာမြေ အခွင့်အရေး ချိုးဖောက်ခံရမှုများ ဆက်လက်ရှိနေခြင်းနှင့် နိုင်သားများ၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် နိုင်ငံရေးနှင့် နိုင်ငံသား အခွင့် အရေးများကို ကန့်သတ်ထားမှုများ ဆက်လက်ရှိနေခြင်းတို့ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် AAPP မှ အစိုးရအား နိုင်ငံသားများ၏ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးကို ကာကွယ်ပေးရန်အတွက် ဖိနှိပ်ထားသော ဥပဒေ များကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ဖြည့်စွက်ခြင်းကို ဦးစားပေးနေဖြင့် ဆောင်ရွက်ပါရန် တိုက်တွန်းပါသည်။ ထိုသို့ ပြင်ဆင်ဖြည့်စွက်ခြင်းအားဖြင့် အမျိုးသား ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်မှု ရရှိနိုင်မည်ဖြစ်ပါသည်။ ထိုမှုသာမက အစိုးရအား လက်ကျန် နိုင်ငံရေး အကျဉ်းသားများကို အမြန်ဆုံး လွှတ်ပေးရန်လည်း တိုက်တွန်း ပါသည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင်အတွင်းရေးမှူး +၉၅(၀) ၉၄၂၈၀၂၃၈၂၈**
**ဘိုကြည်တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁၉ ၆၂၈ ၇၁၃**
**ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၉၄၂၈၁၁၇၃၄၈**

.